

လက်တင်အမေရိကဝတ္ထုတိုများ

မြင့်သန်း မြန်မာဘာသာဖြင့် ပြန်လည်ရေးသားသည်

အမှာ

ခေတ်သစ် လက်တင်အမေရိက ဝတ္ထုတိုများကို ဟောဟဲ လူးဝစ် ဘော(ရ)ဂဲ Jorge Luis Borges (1899-1986) က စတင်ခဲ့သည် ဟု ၊ ပညာရှင်များက သတ်မှတ်ကြသည် ။ ဆိုလိုသည် မှာ ၊ ဝတ္ထုတိုများ ၊ ရှေးကပင် ရှိခဲ့သော်လည်း ဘော(ရ) ဂဲ လက်ထက်တွင် ရေးသားတင်ပြပုံများ ပြောင်းလဲလာခြင်း ဖြစ်သည် ။ ဝတ္ထုတိုများ တွင် ဝေဖန်ဆိုကပြုမှုများ ၊ ဘာသာရေးတွင် တွယ်ဖယ်ကာ တစ်ဖက်စောင်းနင်း ရှုမြင်တတ်ကြခြင်းကို ဆန့်ကျင်လာခြင်းများ ၊ မြို့ပြအခြေခံ အမြင် အသိများ ...စသည် တို့ ကို ရေးသားဖော်ထုတ်လာကြသည် ။ ဖြစ်ပျက်နေသော ဖြစ်နေခြင်းများကို ကျော်လွန်ကာ တကယ့် ဖြစ်ရပ်မှန်နှင့် စိတ်ကူးကို ရောထွေးလိုက်တတ်ကြသည် ။ ထို့ကြောင့် တကယ့် ဘဝနှင့် အိပ်မက်တို့ မှာ စည်းရိုးတားပြရန် ခက်ခဲသွားတော့သည် ။ သို့ဖြစ်လေရာ လက်တက်အမေရိက ဝတ္ထုတိုများမှာ ကဗျာဘက်သို့ တိမ်းသော အနေအထားသို့ ရောက်သွားတတ်ပြန်သည် ။ အရေးအသားတိုင်းတွင် ရေးသားသူတို့ ၏ စရိုက်၊ အမြင်၊ အသိတို့ မှာ ပေါ်လွင်နေသည် ။ တစ်နည်းဆိုရသော် သီးခြား ကန့်သတ်ထားသော ယဉ်ကျေးမှုနှင့် လူမှုဘဝ အသီးသီးအတွင်းမှ ပေါ်ထွက်လာသော သီးသန့် အသံများ ဖြစ်သည် ။ ပြောင်းလဲနေခြင်းများ ၏ အတွင်းမှ ပြောင်းလဲနေသံများ ဖြစ်သည် ။

မက်ဟီကို စာရေးဆရာကြီး ကာလို့ (စ်)ဖျူအမ်အေး(စ) Carlos Fuen

tes ၏ စကားအရသော် ဝတ္ထုရှည် (နိဘယ်ကို ဆိုလိုသည် ။ ရှည်ရှည် ရေးထားတိုင်း နိဘယ် ဖြစ်မလာပါ။) မှာ ပင်လယ်ကူး သဘော်ကြီးနှင့် တူသည် ။ ဝတ္ထုတိုမှာ ကမ်းရိုးတန်းတစ်ကြောတွင် သွားလာနေသော လှေ၊ သဘော်ကလေးများ နှင့် တူပေသည် ။ ပင်လယ်ကူး သဘော်ကြီး တစ်စင်းတွင် လူစုံပါသည် ။ ထိုထိုသော လူအမျိုးမျိုး၏ နောက်တွင် ဇာတ်လမ်းစုံ ရှိသည် ။ ကမ်းရိုးတန်းသွားလှေ၊ သဘော်ကလေးများ နှင့် တူသော ဝတ္ထုတိုမှာ မူ ကမ်းရိုးတန်းကို ကြည့်ကာ ကိုယ့်ခရီး ကိုယ်ထွင်ရသည် ။ ကိုယ့်လမ်းကိုယ်သိဖို့ လိုသည် ။ သူတို့ သည် ပုံပြောသမားများ ဖြစ်သည် ။ အထူးသဖြင့် အိပ်ရာမဝင်ခင် ပုံပြောသည် ကဲ့သို့ ဖြစ်သည် ။ မိုးလင်းအထိ မစောင့်နိုင်သူများ ၊ သို့မဟုတ် မနက်ဖြန်၏ ရှိနေခြင်းကို လက်ခံမထားနိုင်ကြသူများ ဖြစ်သော ဟူ၏။ ဤလက်တင် အမေရိက ဝတ္ထုတိုများ တွင် ထိုထိုသော အရေးအသားများကို တွေ့ကြရပေမည်။ ကျွန်တော့်အနေဖြင့်သော် ဝတ္ထုတို ရေးသားသူများ နှင့် ရေးသားချင်သူများ မြည်းစမ်း ကြည့်စေချင်သောကြောင့် မြန်မာဘာသာဖြင့် ပြန်လည်ရေးသားလိုက်ခြင်းသာ ဖြစ်သည် ။ မြန်မာဘာသာအားဖြင့် ပြန်လည် ရေးသားလိုက်ခြင်းတွင် ယဉ်ကျေးမှုအခြေခံတွင် တည်ကာ ထိန်းသိမ်း စောင့်ရှောက်ရသော အသုံးအနှုန်းများ ပါဝင်ပြီး ဘာသာစကား အသုံးအနှုန်းအချို့ကို အထိုက်အလျောက် သုတ်သင် သန့်စင်ထားပါသည် ။ သို့ရာတွင် အနက်ရင်းမှ သွေဖည်မသွားရန် စောင့်စည်းထားပါသည် ။ ၎င်းတို့ ၏ ဘာသာစကား တည်ဆောက်ပုံများကိုလည်း တတ်နိုင်သရွေ့ ထိန်းသိမ်းကာ ပြန်လည် ရေးသားပါသည် ။

ဤလက်တင်အမေရိက ဝတ္ထုတိုများကို ထုတ်ဝေရန် စီစဉ်ခဲ့သော ကဗျာဆရာ မောင်ဒေးနှင့် ထုတ်ဝေသူ ကဗျာဆရာ မိုးဝေကို ကျေးဇူးတင်ကြစေချင်ပါသည် ။ သူတို့ ၏ အားထုတ်မှုမပါဘဲ ဤစာအုပ် ဖြစ်မလာ

နိုင်ပါ။ လက်တင်အမေရိက ဒေသ၏ နိုင်ငံတစ်နိုင်ငံစီမှ ဝတ္ထုတိုများကို လည်း သီးခြားစီ ထုတ်ဝေနိုင်ရန် စိတ်ကူးရပါသည် ။ ထုတ်ဝေသူများ ၌ သာ တည်နေသဖြင့် ကျွန်တော်က အဆုံးအဖြတ် မပေးနိုင်။ ကျွန်တော် ရေးချင်သော အချက်တစ်ခုမှာ 'ကမူးတွေ၊ ကာ(ဖ) ကာတွေ ဖတ်နေဖို့ မ လိုဘူး။ ...ရေးတာသာ ဖတ်' ဟု အညာက ဆုံးမစကားအောက်တွင် ကြီးပြင်းခဲ့သော ဝတ္ထုရေးသမားများ အတွက်မှာ မူ ဤစာအုပ်ကိုဖတ်ရ န်လိုမည်မထင်။ ဤစာအုပ်မျှသာ မဟုတ်။ မည်သည့် ဝတ္ထုတိုများကို မျှ မဖတ်ဘဲ လူစုကာ ဝိုင်းကြီးပတ်ပတ် ကစားကြရန်သာ လိုပေမည်။

မြင့်သန်း

လူဝီး(စ) လွိုက်စာ၏
လူသစ်တစ်ယောက်

လူဝီး(စ) လွိုက်စာ Luis Loayza (၁၉၃၄-) မှာ ပီရူးလူမျိုးစာရေးဆရာ ဖြစ်သည် ။ ဝတ္ထု၊ အက်ဆေးစသည် များး အပြင်၊ ဘာသာပြန် အရေးအသားများး ရေးသားခဲ့သည် ။ ၁၉၆၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော U na piel de seripiente မှာ နာမည်ကြီး ဝတ္ထုတစ်ပုဒ် ဖြစ်ခဲ့သည် ။ ဂျနီဗာနိုင်ငံတွင် နေထိုင်ပြီး၊ ကုလသမဂ္ဂ၏ ဘာသာပြန်လုပ်ငန်းများကို လုပ်ဆောင်ပေးသည်)

ဒီတော့၊ သူတို့ နှစ်ယောက် ပြတ်စဲလိုက်ကြတယ်။ သူက ၊ ကလေးတွေ ခေါ်ပြီး မီရာဖလော်ရေး(စ) ၁(Milaflores- **ပီရူးနိုင်ငံ၊ လီမာမြို့၏ လူကုံထံရပ်ကွက်။**) ဆီက သူ့အမေအိမ်ကို ပြန်တယ်။ သူ့အမေကတော့၊ အဲဒီအိမ်မှာ နေလာတာ ကြာလှပြီ။ တကယ်တော့၊ မိန်းမသားတစ်ယောက်တည်း အနေနဲ့ နေတာ ဆိုရင်တော့ လည်း ၊ အတော့်ကို ကြီးတဲ့ အိမ်လို့ ပြောရမှာ ပဲ။ သူ့ယောကျ်ားကတော့၊ ကောင်မကလေး တစ်ယောက်နဲ့ အတူ၊ ရပ်ကွက်သစ်တစ်ခုမှာ ၊ တိုက်ခန်းငှားနေတယ်။ ရပ်ကွက်နာမည်တော့လည်း ၊ မမှတ်မိဘူး။ ပြောတာ ကြားရတဲ့ အတိုင်း ဆိုရင်တော့ အတော်ကလေးကို တင့်တယ်တယ်။ လည်လည်ဝယ်ဝယ်ရှိတယ်။ သိပ်

ကို ချင့်ချင့်ချိန်ချိန်ရှိသတဲ့ ။ ရှေးဆန်ဆန် ပြောတတ်သူတွေ ပြောပုံနဲ့ ပြောရရင်တော့ ၊ ပေါက်ပေါက်ရောက်ရောက် ရှိတယ်' လို့ ပြောရမှာ ပဲ။ ခုလိုဖြစ်တာမျိုးကို ကျွန်တော့်ရှေ့မှာ သာ ဖြစ်ခဲ့ရင်...။ ဆိုလိုတာက၊ ပီးရွူးကနေ ပထမဦးအကြိမ် ကျွန်တော် ထွက်မသွားခင်က၊ ဖြစ်ခဲ့တာဆိုရင်...။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ ဖြစ်ဖြစ်၊ သနားစရာကောင်းတဲ့ အကြောင်းတစ်ခုအနေနဲ့ ဖြစ်ဖြစ်၊ ဟန်လုပ် ပြောရတာမျိုးပဲ ဖြစ်ဖြစ် သူတို့ ကို အသာနှိပ်တဲ့ အနေနဲ့ ၊ အတော်တော့၊ ပြောလို့ ဆိုလို့ ကောင်းတဲ့ အကြောင်းဖြစ်မှာ ။ ဒါပေတဲ့ ကျွန်တော်က ပြည်ပမှာ ။ ဘယ်သူကမျှ၊ ဖတ်ကြည့်ဖို့ တောင် စိတ်မကူးကြတဲ့ အစီရင်ခံစာတွေ ရေးနေတဲ့ အချိန်။ သံအမတ်တွေ၊ တစ်ယောက်ပြီးတစ်ယောက်နဲ့ လေကျနေရတဲ့ အချိန်မှာ ၊ ဖြစ်တာ။ အဲဒီတုန်းက၊ ပီရွူးက လူတွေက ရုပ်ရှင်တွေ သိပ်ကြည့်နေကြတယ်။ ဒီတော့လည်း ကမ္ဘာကြီးနဲ့ မျက်ခြည်ပြတ်မသွားကြဘူး။ တစ်နေ့ ဆီကတော့၊ သားချင်းတော်တဲ့ မာရှယာ အိမ်မှာ နေ့လယ်စာစားကြရင်း ရောက်တတ်ရာရာ ပြောဖြစ်ကြတယ်။ ဘာရယ်တော့ ခိုင်ခိုင်မာမာ မပြနိုင်၊ မပြောနိုင်တာတွေ။ ငါတို့ တစ်တွေဟာ သိပ်ခေတ်မီနေသတဲ့ ။ ငါတို့ တစ်တွေဟာ တခြားသူတွေရဲ့ လွတ်လပ်မှုကို တန်ဖိုးထားကြသတဲ့ ။ လူတွေဟာ သူတို့ အတွက် အကောင်းဆုံးလို့ ထင်တာကို လုပ်နိုင်ကြသတဲ့ ကျွန်တော် ပြီးခဲ့တဲ့ နှစ်ကာလတွေမှာ အဲဒီလိုမျိုး မျှော်လင့်မထားဘဲ လင်မယားကွဲကြတာတွေ၊ အတော်ဖြစ်လာတယ်။ ဒီတော့လည်း ဒီကိစ္စမျိုးက သိပ်ပြီး အထူးအဆန်း၊ အသစ်အဆန်း မဟုတ်တော့ဘူး။ ဒါပေတဲ့ စိတ်ဝင်စားစရာ မကောင်းလှဘူးလို့ တော့လည်း မပြောနိုင်ဘူး။ သူတို့ တစ်တွေ ပြောပြတဲ့ အသေးစိတ်တွေ၊ ရှင်းလင်းချက်တွေကို အတော်ကလေး နားထောင်ခဲ့ရတယ်။ ပြောမယ် ဆိုရင်တော့ လည်း ကျွန်တော်က မေးလိုက်မိလို့ ၊ သူတို့ က ပြောကြတယ်။ ပြောကြပေတဲ့ လည်း ရှုတ်

ချတာမျိုးတော့ မပါဘူး။ စကားအဖြစ် ပြောကြတာမျိုးပဲ။ ဒီပြင်၊ ကျွန်တော်အနေနဲ့ မေ့ထားလို့ မဖြစ်ရတာက၊ အဲဒီအမျိုးသမီးဆိုတာက အတော့်ကို တော်တဲ့ အမျိုးသမီး တစ်ယောက်ပဲ၊ ဆိုတဲ့ အချက်။ ကျွန်တော်တို့ နဲ့ လာပြီးနေ့လယ်စာ စားမယ်ဆိုတာ ကြားရတော့ ဒီအချက်ကို ပိုပြီး ၊ သဘောပေါက်လိုက်မိတယ်။ ကျေးဇူးတင်လိုက်မိတယ်။ သူ လာမယ်ဆိုတော့၊ သူနဲ့ အတူနေတဲ့ လူလည်း ပါလာရမှာ ပေါ့။ ဒါကတော့ ၊ ထုံးစံကိုး။ ဒါပေတဲ့ ၊ အဲဒီနေ့ မတိုင်ခင် ညဘက်က စောင့်မနေနိုင်လောက်တဲ့ အရေးပေါ်ကိစ္စက ရှိလာလို့ ၊ ခရီးထွက်သွားကြသတဲ့ ။ ကောင်းပါလေရဲ့ ။ ဒီတော့၊ သူတို့ အတူနေတယ်။ အတူ ခရီးသွားကြတယ်။ ဘယ်သူကဖိတ်၊ ဖိတ် အတူတူဖိတ်တယ်။ ဒီတော့လည်း အားလုံးက လက်ခံထားတဲ့ စုံတွဲလို့ ပြောရတော့မယ်။ အားလုံး ကိစ္စပြတ်သွားအောင်အတွက် လုပ်စရာက၊ တစ်ခုပဲ ကျန်တယ်။ တရားဝင် လက်ထပ်လိုက်ကြရုံပဲ။

အဲဒီလို လုပ်ဖို့ အတွက်တော့ ၊ ပထမ မယားနဲ့ တရားဝင် ကွာရှင်းပြတ်စဲဖို့ လိုတယ်။ ဒါပေတဲ့ ၊ သူ့ပထမ မယား ဂရယ်စီးလားက၊ တရားဝင် ကွာရှင်းပြတ်စဲပေးမှာ မဟုတ်ဘူး ။ ယောကျ်ားဖြစ်တဲ့ ၊ အလ်ဘက်တိုက သူတို့ ကလေးတွေအတွက်၊ ကလေးစရိတ် ပေးမယ်။ သူ့အတွက်လည်း နည်းနည်းပါးပါး ပေးမယ်။ ဒီပြင်တော့ ၊ ဘာမျှ မပေးဘူး။ ဒီပြင်ဆိုတာက၊ အိုရန်တယားက အိမ်။ အန်ကွန်က တိုက်ခန်း။ ကုမ္ပဏီတွေမှာ ထည့်ဝင်ထားတဲ့ ပိုက်ဆံတွေ။ ဒါတွေ၊ မပေးဘူး။ ဒီထက် ပိုဆိုးတာက၊ အလ်ဘယ်တိုက ရှေ့နေ။ ရှေ့နေကို တရားစွဲလို့ ကတော့ ၊ သံသရာရှည်ရုံပဲ ။ ရှုပ်ရုံပဲ။ နောက်ဆုံးတော့၊ ဂရယ်စီးလားခမျာ၊ တစ်ပြားမျှရမှာ မဟုတ်ဘူး ။ ကျွန်တော့်အနေနဲ့ အံ့အားသင့်နေမိတာ တစ်ခုက၊ ဒီကိစ္စမျိုးတွေကို၊ လူတွေက ဘယ်လိုလုပ်ပြီး သိနေကြတာလဲ၊ ဆိုတာပဲ။ ဖြစ်နိုင်တာကတော့ ကျွန်တော်တို့ ဟာ တောဆန်နေကြသေးလို့ ပဲ။ အထူးသဖြင့်၊

တခြားလူတွေရဲ့ အကြောင်း၊ အခြားလူတွေနဲ့ ပတ်သက်တဲ့ ၊ အမြင်တွေ မှာ ။ ထားတော့။ ခုထိတော့ ဂရယ်စီးလားက တရားဝင် ကွာရှင်းပြတ်စဲ ခွင့် မပေးသေးဘူး။ ဒီလိုဖြင့်၊ သူက သိပ်ခေတ်မီပုံ မရသေးဘူး။ ဒါပေ တဲ့ လည်း ဘာဖြစ်လို့ သူက တရားဝင် ကွာရှင်းပြတ်စဲခွင့် မပေးဆိုတာ ကို၊ ကျွန်တော်တို့ ကတော့ သဘောပေါက်တယ်။ နားလည်တယ်။

သူတို့ နှစ်ယောက်သား၊ အတူတူကို နောက်ဆုံးအကြိမ် ကျွန်တော် တွေ့ခဲ့မိတာက လီမာမြို့ ၂(**ပီရူးနိုင်ငံ မြို့တော်။**) မှာ ။ ပြီးခဲ့တဲ့ နှစ်နှစ် လောက်က။ အသိတစ်ယောက်အိမ်က ညစာစားပွဲမှာ ။ ဧည့်ခန်းထဲဆီ ကနေ ပထမဦးဆုံး လှမ်းပြီး တွေ့လိုက်ရတာက၊ အလ်ဘယ်တို။ အခန်း ထောင့် တစ်နေရာမှာ ၊ ဖန်ခွက်ကိုင်ပြီး ရပ်နေတယ်။ ပထမတော့၊ သူက ကျွန်တော့်ကို မတွေ့ဘူး။ တစ်ခုခု ထူးခြားနေတယ် ဆိုတာကတော့၊ ကျွ နတော် သတိထားလိုက်မိတယ်။ ဘာရယ်ဆိုတာ၊ အတော်ကလေးကြာ အောင် တွေးကြည့်လိုက်ရတယ်။ နှစ်ကာလတွေဟာ သူ့အနားကို မသီခဲ့ ဘူးလို့ ပဲ။ ပြောရတော့မယ်။ ဒီစကားမျိုးကို၊ အပေါင်းအသင်းတွေအကြားမှာ ယဉ်ကျေးတဲ့ အနေနဲ့ ၊ ပြောတတ်ကြ တယ်။ ဒါပေတဲ့ လည်း ၊ သိပ်တော့ အဓိပ္ပာယ်ရှိလှတယ် မဟုတ်ဘူး ။ မ ဟုတ်လည်း ငါတို့ အပေါင်းအသင်းကတော့ဖြင့်၊ လံးပါးပါးမသွားသေး ဘူးလို့ ပြောချင်တဲ့ သဘော။ ခု၊ အနေအထားကတော့ အဲဒီလိုမျိုး ပြောချင်တာ။ အလ်ဘက်တိုက အရင်ကထက်တောင် နုပျိုလို့ နေသေး။ ကိုယ်ရေစစ်ပြီး။ တောင့်တောင့်တင်းတင်း ရယ်။ ဘယ်လို သောကမျှလ ည်း ရှိပုံမရဘူး။ ကျွန်တော်ကတော့ အဝင်တံခါးပေါက်နားဆီမှာ ။ အိမ် ရှင်က နှုတ်ဆက် အပေါ်ကဝတ်လာတဲ့ အင်္ကျီကို ချွတ်နေတုန်း။ အဲဒီနား ဆီက၊ ကြည့်မှန်ထဲကိုလည်း တစ်ချက်လောက် လှမ်းကြည့်လိုက်မိသေး တယ်။ မထိန်းနိုင်လို့ တစ်ချက် လှမ်းကြည့်လိုက်တော့လည်း ၊ မှန်ထဲမှာ

တွေ့ရတာက ဝလုံးလုံး။ ဆံပင်ဖြူဖြူနဲ့ ။ မျက်မှန်နဲ့ ။ ငနဲ။ အလံဘယ်တို့ က လျှောက် လာပြီး နှုတ်ဆက်တယ်။ ကျွန်တော်နဲ့ တွေ့ရအောင် ချာက လာကယိုး ၃(Chaclacayo- **လီမာမြို့၏ ကုန်းတွင်းပိုင်းရပ်ကွက်။**) က နေ သူတို့ လာခဲ့ကြတာ တဲ့ ။ သူတို့ က၊ ဆောင်းတွင်းဆို အဲဒီမှာ သွားပြီး နေလေ့ရှိတယ်။ သူ့ကို၊ တအားနုတယ်လို့ မပြောလို့ ကို ၊ မဖြစ်ဘူး (တ ကယ်တော့၊ သူက ကျွန်တော့်ထက် တစ်နှစ် ကြီးတယ်။ သောက်ကျိုးန ည်း...)။ မပြာမဖြစ်လို့ ပြောလိုက်ရပေတဲ့ ၊ ရင်နာစရာပဲ။ သူကတော့ ၊ မ ကြာခင်ကမှ ပင်လယ်ကမ်းစပ်ဆီက ပြန်လာသလိုမျိုး။ နေလောင်ခံ ထားရလို့ အသားညိုနေတယ်။ ရယ်လိုက်တော့ သူ့သွားတွေက အဖွေး သား။ အပြစ်ပြောစရာ မရှိဘူး။ အဲဒီအချိန်ကလေး မှာ ပဲ၊ ဂရယ်စီးလား ရောက်လာတယ်။ နှုတ်ဆက်တဲ့ အနေနဲ့ သူပါးတစ်ဖက်တစ်ချက်ကို ကျွ န်တော်က နမ်းလိုက်တယ်။ သူနဲ့ ၊ သူတို့ မိသားစုကို လုံးလုံးကြီး မေ့ ထားလိုက်တယ် ဆိုပြီး၊ သူက ကျွန်တော့်ကို အပြစ်တင်တယ်။ အထူးသဖြင့် သူတို့ ရဲ့ သားကလေး။ သူတို့ သားကလေးရဲ့ ခေါင်းဆေးပွဲ မှာ ၊ ကျွန်တော်က ခေါင်းကိုင် ဖခင်။ ဟုတ်တော့ ၊ ဟုတ်တယ်။ ဒီလို အ ခမ်းအနားမျိုးမှာ အဖေ လုပ်ခဲ့ရတဲ့ ကျွန်တော့်အနေနဲ့ ၊ ကလေးကိုတော့ မမေ့သင့်လှဘူး။ ကျွန်တော်က ငြင်းလိုက်မိတယ်။ ငြင်းနေရင်းက သူ့ကို ရည်ရွယ်ပြီး လုပ်တာပဲဆိုတာကို၊ တွေးလိုက်မိတယ်။ အထူးသဖြင့် ၊ အဲ ဒီနှစ်ကာလတွေကို သူတို့ ၊ မှတ်မိသွားစေချင်လို့ ။ ဂရယ်စီးလားက လှ တုန်းပဲ။ ကျွန်တော့် မျက်စိထဲမှာ တော့၊ လှနေတာ သေချာတယ်။ ဆံပင် ကိုတော့ အရောင်ဆိုးထားတယ် (နဂိုက ဘာအရောင်များ လဲ...) ။ သူ့မျ က်နှာပေါ်မှာ တော့ ၊ အရေးအကြောင်း တစ်ခုမျှ မတွေ့ရဘူး။ သူ့၊ မိတ် ကပ်ကတော့ အပိုအလို မရှိဘူး။ အကောင်းကြိုက်တတ်တဲ့ မိန်းမ။ ပိုက် ဆံလည်း တတ်နိုင်တဲ့ မိန်းမတွေဟာ သိပ်ပြီး တပ်မက်စရာ တင့်တယ်

နေတတ်ကြတော့လည်း ၊ အသက်အရွယ်ဆိုတာက၊ တစ်ခါတလေတော့ ထည့်ပြောနေစရာအကြောင်းကို မဟုတ်ဘူး ။ သူတို့ ရဲ့ ကိုယ်ဟန် အနေအထားကိုက၊ တစ်မျိုး။ တစ်ခုခုက ပျောက်ဆုံးနေတတ်တယ်။ သူတို့ အနေနဲ့ ဘယ်လိုမျှ ထိန်းကျောင်း မထားနိုင်တဲ့ သဘာဝပေး ဂုဏ်ရည်တစ်ခု။ အဲဒါက နုပျိုခြင်းရဲ့ ဖူးပွင့်နေမှုပဲ။

အဲဒီညနေက၊ ညစာစားကြတော့၊ ဂရယ်စီးလားနဲ့ မျက်နှာချင်းဆိုင် ထိုင်မိတယ်။ အလ်ဘယ်တိုက ကျွန်တော့်ရဲ့ ညာဘက် ခပ်လှမ်းလှမ်းမှာ ။ ထုံးစံအတိုင်းပဲ။ သံတမန်တွေနဲ့ ပတ်သက်လို့ ၊ ရယ်စရာ ပြောကြတာတွေကို ဒိုင်ခံ နားထောင်နေရတယ်။ သံတမန်တွေရဲ့ ဘဝဟာ ဘယ်လောက်ဇိမ်ကျတယ်။ တခြားနိုင်ငံတွေအကြောင်း ကြုံသိရတာဟာ၊ ဘယ်လောက်စိတ်ဝင်စားစရာကောင်းတယ်၊ ဆိုတာမျိုးတွေလည်း ပါတယ် ။ ကျွန်တော့်အတွက်ကတော့ ၊ နောက်ဆုံး သွားရောက် အမှုထမ်းခဲ့ရတဲ့ အရပ်နဲ့ ပတ်သက်လို့ မှတ်မိနေတာကတော့၊ မခံမရပ်နိုင်လောက်အောင် ပူပြီး ခြင်သိပ်ကိုက်တယ် ဆိုတာပဲ။ ဂရယ်စီးလားကတော့ ၊ လီမာမှာ ပိတ်မိနေတဲ့ အ ကြောင်း။ ဘာမျှလည်း ၊ မထူးခြားလှတဲ့ အကြောင်းတွေကို မကျေမနပ်နဲ့ ပြောတယ်။ သူက၊ အလ်ဘယ်တိုနဲ့ အတူ၊ ချူးယောက်ကို ရောက်ဖူးတယ်။ တစ်ကြိမ် မကဘူး။ သွားခဲ့တာတွေကတော့ အလ်ဘယ်တိုရဲ့ အလုပ်ကိစ္စနဲ့ ဆိုတော့ ခဏတစ်ဖြုတ်ပဲ။ သူသွားချင်တာက၊ သူလည်း တစ်ခါမျှ မရောက်ဖူးတဲ့ ၊ ဥရောပလို နေရာမျိုးကို ခရီးရှည်သွားချင်တာ။ အလ်ဘယ်တိုကတော့၊ အဲဒီစိတ်ကူးကို လက်မခံဘူး။ သွားမယ် ဆိုရင်တော့ ၊ ဂရယ်စီးလား အနေနဲ့ ကျောင်းပြီးသွားတဲ့ သူ့သမီး အကြီးဆုံးမကို ခေါ်ပြီး သူ့ဘာသာ သွားရုံပဲ။ နောက်နှစ်ထဲမှာ ၊ သူတို့ တစ်တွေ သွားကြဖို့ ကောင်းတယ်။ ကျွန်တော်ကတော့ ရယ်စရာ နောက်စရာသဘောနဲ့ ငါနဲ့ လိုက်ပြေးပါလားလို့ ပြော

လိုက်တော့၊ သူက ပခုံးအသာတွန့်လိုက်ရင်း တုံ့ပြန်တယ်။ အဲဒီလို သူ လုပ်ပြတာမျိုး၊ ကျွန်တော် တစ်ခါကမျှ မမြင်ဖူးဘူး။ သူ့ဘာသာ စိတ်မချ မ်းမသာ ဖြစ်နေလို့ လား။ စိတ်ပင်ပန်းနေလို့ ပဲလားတော့။ မသိဘူး။ မ ဟုတ်လည်း ၊ 'ငါ ၊ နောက်နေတာ မဟုတ်ဘူး ' လို့ ၊ ကျွန်တော့်ကို ပြော ချင်လို့ လားတော့၊ မသိဘူး။ စိတ်ထဲ မချမ်းသာလို့ တစ်ဖက်မှာ မျက်နှာ လွဲလိုက်တော့၊ အလ်ဘယ်တိုရဲ့ မျက်လုံးတွေနဲ့ တိုးရတယ်။ အလ်ဘယ် တိုက ကျွန်တော်တို့ ပြောနေတာတွေကို ကြည့်နေရင်း နားထောင်နေ တာ။ သူ့အကြည့်က စိတ်ပါလက်ပါ ကြည့်နေပေတဲ့ လည်း ၊ သိပ်တော့ ပူပင်သွားပုံမရဘူး။ ဒါကလည်း အသစ်အဆန်းတစ်မျိုးပဲ။ ကျွန်တော် သိထားခဲ့တဲ့ အလ်ဘယ်တိုဟာ ခုလို၊ သူ့ကိုယ်သူရေရာ သေချာလှတဲ့ လူ မဟုတ်ခဲ့ဘူး။ ဒီ့ပြင်၊ တစ်ဦးတစ်ယောက်ကို အဝေးကနေ လှမ်းပြီး စိတ် အေးအေးနဲ့ အကဲခတ်နေတာမျိုး၊ မလုပ်ဘူး။ ဂရယ်စီးလားရဲ့ အသွင်အပြင်၊ ဟန်ပန်ကတော့ စိတ်မချမ်းမြေ့နေပုံရတယ်။ သံသယ ဖြ စ်စရာကို မရှိဘူး။

အဲဒီညကတော့၊ အိမ်အပြန်မှာ ကျွန်တော့်ကို ကားနဲ့ လိုက်ပို့ပေးတဲ့ လင်မယားနဲ့ အလ်ဘယ်တို့ ကို အကြောင်း ပြောဖြစ်သွားတယ်။ 'ဟုတ် တယ်။ အလ်ဘယ်တိုကတော့ နုပျိုတုန်းပဲ' လို့ ၊ ပါကီတာက ပြောတယ်။ ကျွန်တော် မှတ်မိသလောက်ကတော့၊ ပါကီတာက ရှက်တတ်တဲ့ ၊ ဘာ သာရေးဘက်ကိုင်းရှိုင်းတဲ့ ၊ ကောင်မကလေးတစ်ယောက်။ ခုတော့၊ စီး ကရက်ကို မနားတမ်းသောက်တယ်။ ရုပ်ကလည်း ၊ ဘက်တီဒေးဗစ်နဲ့ တူလာတယ် (အသက်ကြီးလာတဲ့ အပိုင်းက ရုပ်ရည်မျိုး)။ 'သူက၊ လူအ သစ်တစ်ယောက်ပဲ' လို့ ကျွန်တော်က ပြောရင်း၊ ငါလည်း ပြန်ပြီး နုပျိုချ င်သား။ ဒါပေတဲ့ တစ်နေ့တခြား အိုမင်းလာတယ် ဆိုတာကိုပဲ၊ ခံစားနေ ရမိတယ်လို့ ' လို့ ၊ ပြန်ပြောလိုက်မိတယ်။ 'အဲဒါ၊ နင်က ဘာအားကစား

မျှ မလုပ်လို့ ' လို့ ၊ ပါကီတာက ပြောတယ်။ 'အလ်ဘယ်တိုက တင်းနစ်ရိုက်တယ်။ ဒါကြောင့် ၊ နုပျိုနေတာ။ မနက်တိုင်း၊ အလုပ်မသွားခင် တင်းနစ်ရိုက်တယ်၊' တဲ့ ။

ကျွန်တော်ကတော့ ဘဝင်မကျလှဘူး။ ကျွန်တော့်ရဲ့ ရာထူးအသစ်ရကတည်းက တင်းနစ်ပြိုင်ပွဲတွေ ကိုချည်း ထိုင်ကြည့်နေမိတယ် (စိတ်ထဲရှုပ်နေတာတွေ ပျောက်သွားမလားရယ်လို့ ...)။ ဒါပေတဲ့ ဘာမျှ သိပ်မထူးလှဘူး။ ဆေးပြင်းလိပ်ခဲ၊ ကော့ညက်သောက်ပြီး တင်းနစ်ပြိုင်ပွဲတွေကြည့်နေရင်း၊ ဘယ်တော့များ ပြန်လည် နုပျိုလာပါ့မလဲလို့ ၊ မျှော်နေမိတတ်တယ်။ အဲဒီအခါမျိုးမှာ ၊ အလ်ဘယ်တိုတဲ့ ဂရယ်စီးလားတို့ အကြောင်းကို တွေးလာမိတတ်တယ်။ သူတို့ လင်မယား ကွဲကြတယ်ဆိုတာကိုတော့ သိပ်ပြီး အံ့အားမသင့်မိဘူး။ ရှေးဆန်ဆန် ရေးထားတဲ့ ဝတ္ထုတစ်ပုဒ်လိုပဲ။ အဖွင့်ကို ဖတ်ကြည့်ပြီးတာနဲ့ ၊ နောက်စာမျက်နှာ တစ်ရာကျော်ကို မဖတ်တော့ဘဲ ကျော်လွှားပြီး ၊ နောက်ဆုံးအခန်းကို ဖတ်ကြည့်တာမျိုး။ ဇာတ်ကောင်တွေရဲ့ ၊ စရိုက်၊ သရုပ်သကန်ကို သိပြီး ၊ ဘယ်လို စခဲ့တယ်ဆိုတာ သိနေလေတော့၊ အဆုံးကိုတွက်ကြည့်လို့ ရတာပဲ။

အစပိုင်းကတော့ မီရာဖလောရေး(စ) က ဂရယ်စီးလားတို့ အိမ်။ အခု၊ သူပြန်သွားပြီး နေနေတဲ့ ။ အိမ်။ အလ်ဘယ်တိုက တက္ကသိုလ်တုန်းက ကျွန်တော့်ရဲ့ သူငယ်ချင်း။ ဂရယ်စီးလားနဲ့ ကျွန်တော်က ဆွေမျိုးနီးစပ်တော်တယ်။ သူနဲ့ ပတ်သက်တဲ့ ငယ်ဘဝက အကြောင်းလေးတွေကို ခပ်ရေးရေး ကျွန်တော် မှတ်မိနေသေးတယ်။ ခြံထဲမှာ လျှောက်ပြေးနေတတ်တဲ့ သူ့ပုံကို ဝိုးတဝါး မြင်နေမိသေးတယ်။ အဲဒီတုန်းကတော့ ခပ်သေးသေးရယ်။ သိပ်မမာလှဘူး။ တိုက်ဖွိုက် ဖြစ်ပြီးခါစဖြစ်လို့ ၊ ခေါင်းတုံးကလေးနဲ့ ။ လီမာမြို့ရဲ့ ဒီဇင်ဘာလ၊ ညဖြစ်လို့ အခန်းထဲမှာ မီးတွေ ထိန်ထိ

နှ်သာနေတယ်။ သူ့အတွက် ခရစ္စမတ် လက်ဆောင်တွေ အများကြီး။ သူကတော့၊ တစ်ခုကိုမျှ၊ စိတ်မဝင်စားဘူး။ နောက်တော့ ကျောင်းဝတ်စုံ အပြာကလေးနဲ့ သူ့ပုံကို မြင်လာမိတယ်။ အဲဒီအရွယ်မှာ ကနှစ်အပိုင်းအခြားအနေနဲ့ သိပ်မကွာလှပေတဲ့ လည်း အတော့်ကို မတူကြဘူး။ ကျွန်တော်တို့ ချင်း စကားပြောခဲတယ်။ နောက် နှစ်အတော်ကြတော့ သူက ပြောတယ်။ သူက ကျွန်တော့်ကို အားကျတယ်တဲ့ ။ ကျွန်တော့်ကို အရွယ်ရောက်တဲ့ လူတစ်ယောက်လို မြင်သတဲ့ ။ ကျွန်တော်က သူ့အိမ်ကို သွားလေ့ရှိတယ်။ သွားတာက သူ့ကြောင့် မဟုတ်ဘူး ။ သူ့အဖေ ဒွန်ပဘ်လို ဆီ။ ဒွန်ပဘ်လိုက ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားတယ်။ ကျွန်တော်တို့ ချင်း ဆွေမျိုးတော်တယ် ဆိုတာကို သူက ပြောပြတယ်။ ဆွေမျိုးဆိုပေတဲ့ လည်း ကျွန်တော်က မွဲတဲ့ ဆွေမျိုး။ ဒွန်ပဘ်လိုက တအားကို ချမ်းသာတာ။ မဟုတ်တောင်၊ ကျွန်တော်က တော့အဲဒီလိုပဲ မြင်တယ်။ နယ်ဘက်ကျေးဘက်ဆီမှာ ခြံမြေတွေ ရှိတယ် ။ သူ့ဆီကို အဲဒီက မြင်တယ်။ နယ်ဘက်ကျေးဘက်ဆီမှာ ခြံမြေတွေ ရှိတယ်။ သူ့ဆီကို အဲဒီက အသီးအနှံတွေ၊ အစားအသောက်တွေ ပို့ပေးကြရတယ်။ ကျောင်းအားရက်ဆိုရင် ကျွန်တော်က အဲဒီကို သွားလေ့ရှိတယ် ။ ပိုပြီး ကျန်းမာသန်စွမ်းလာမယ်လို့ ကျွန်တော်ထင်တယ်။ မြင်းလည်း စီးတတ်လာမယ်လို့ ၊ တွေးမိပေတဲ့ ၊ အဲဒီအတွေးကတော့ ဖြစ်မလာဘူး။

သူက စီးပွားရေးလုပ်ငန်းတွေနဲ့ လည်း ပတ်သက်တယ်။ ခုထိတော့ ကျွန်တော့်အနေနဲ့ ဘယ်သို့ဘယ်ပုံဆိုတာ မသိဘူး။ တကယ့် အထူးအဆန်းတစ်ခုပဲ။ သူက လွတ်တော် အမတ်လည်း ဖြစ်ရုံမကဘူး။ သမ္မတရဲ့ သူငယ်ချင်းတစ်ယောက်။ ဒီပြင် သူ့ကို ကျွန်တော် အထင်ကြီးမိတာက သူ့ရဲ့ ကားနှစ်စီးကြောင့် ပဲ (ကျွန်တော်တို့ အိမ်မှာ တစ်စီးတောင် မရှိဘူး)။ အဲဒီတုန်းက လီမာမြို့မှာ ကားဆိုတာက တကယ့်ဇိမ်ခံပစ္စည်း တစ်ခု။ ကျွန်

တော်ကတော့ သူမှာ တစ်ခါကမျှ မရှိခဲ့ဖူးတဲ့ ၊ သားတစ်ယောက်တောင် ဖြစ်လာချင်တယ်။ ဒီလိုနဲ့ ပဲ ကျွန်တော်လည်း တဖြည်းဖြည်းကြီးပြင်းလာတယ်။ ဒွန်ပတ်လိုက ကျွန်တော့်ကို မကြာခဏ ဖိတ်ပြီး စကားအကြာကြီး ပြောလေ့ရှိတယ်။ သိပ်မဆန်းလှဘူးလို့ ကျွန်တော် မြင်တယ်။ ကျွန်တော့်ရဲ့ အပ်ကြောင်းထပ်နေတဲ့ ကလေးဆန်ဆန် အကြောင်းတွေကို လူအိုလူနှောင်းတို့ ရဲ့ သိမ်မွေ့မှုနဲ့ အတူ သည်းခံ နားထောင်နေတတ်တယ်။ ကျွန်တော် ပြန်တဲ့ အခါ၊ အမြဲလိုပဲ သူ့စာကြည့်ခန်းထဲက စာအုပ်တစ်အုပ် ပေးလေ့ရှိတယ်။ (စာအုပ်တွေက စပိန်နိုင်ငံက အဝတ်စနဲ့ အဖုံးချုပ်ထားတာတွေ။ ဖွင့်လိုက်ရင် အနံ့စူးစူး ရတယ်)။ သူ့ အပြောကတော့၊ သူမှာ ဖတ်ဖို့ အချိန်မရှိလို့ တဲ့ ။

အလ်ဘယ်တိုကို စန် မာကော့(စ်) တက္ကသိုလ်မှာ တွေ့တာ။ ရုက်တတ်တဲ့ လူငယ်တစ်ယောက်။ လူတိုင်းကို သံသယရှိနေတတ်တဲ့ လူမျိုး။ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ မိသားစုတွေဟာ အကျဉ်းအကျပ်နဲ့ ကြုံတွေ့နေရတဲ့ ၊ မိသားစုတွေ။ ဒီတော့လည်း ၊ သူနဲ့ ကျွန်တော်က ဘဝတူ။ ဒီ့ပြင်၊ ကျွန်တော်တို့ ဖတ်တဲ့ စာအုပ်တွေကလည်း တူတယ်။ ကျွန်တော်တို့ မှာ ရှိနေတဲ့ ၊ မခံချင်စိတ်၊ တော်လှန်လိုစိတ်တွေဟာ ကျွန်တော်တို့ ရဲ့ ရင်ထဲ၊ အသည်းထဲမှာ ၊ ဝှက်ထားလို့ မရတတ်ကြဘူး။ သူက ကျွန်တော့်ထက် ပိုပြီး ပြင်းထန်တယ်။ တစ်ခါက၊ ကျွန်တော့်ကို တိုးတိုးတိတ်တိတ် ပြောပြဖူးတယ်။ မုန်းတီးစရာတွေ။ မနှစ်မြို့စရာတွေ မှန်သမျှကို မုန်းတီးရုံ၊ မနှစ်မြို့ရုံ မကဘူး။ သူက ၊ တော်လှန်ရေးတစ်ရပ် ဖြစ်လာဖို့ကို လိုလားနေတာ။ အဲဒီတုန်းကတော့၊ တော်လှန်ရေးကို လိုလားနေကြတာ၊ သိပ်မဆန်းလှဘူး။ ဒီ့ပြင် 'အရင်ရှင်' ဆိုတဲ့ စကားလုံးကို သုံးတာကိုက၊ အတော့်ကို စော်ကားတဲ့ သဘောနဲ့ သုံးတာမျိုး။ နောက်တော့၊ စာပေလေ့လာနေရာက ဥပဒေကို လေ့လာတယ်။ ကျွန်တော်လည်း

နိုင်ငံခြားရေးဌာနမှာ အလုပ်ဝင်တယ်။ သူ့ကို လက်ချာတွေမှာ တွေ့တယ်။ တစ်ခါတလေ သူ့ရုံးကို ဝင်ပြီးခေါ်တယ်။ ပိုက်ဆံကလေး ရှိသလောက်နဲ့ နှစ်ယောက်သား၊ လျှောက်မြူးကြတယ်။ အဲဒီတုန်းကတော့ ညဘက်ထွက်လည်တာမျိုးက သိုသိုသိပ်သိပ် လုပ်ကြရတာမျိုးမို့၊ ကျွန်တော်တို့ ကတော့ မလုပ်နိုင်ဘူး။ တစ်နေ့တော့၊ သူ့အလုပ်ကို ကျွန်တော်သွားတယ်။ ထိပ်တန်း ရှေ့နေကြီးတွေက သူ့ကို ရင်းရင်းနှီးနှီး စကားပြောနေတာ တွေ့ရလို့ အံ့သြလိုက်မိတယ်။ နောက်တော့ လမ်းပေါ်မှာ လျှောက်လာကြရင်း ရယ်စရာ ၊ နောက်စရာ သဘောမျိုးနဲ့ မင်းကိုတော့ဖြင့် ရှေ့နေကြီးတွေက သဘောကျပုံရတယ်။ မင်းရဲ့ အနာဂတ်ကတော့ အာမခံချက်ရှိသွားပြီလို့ ပြောလိုက်မိတယ်။ အလံဘယ်တိုက အကောင်းပြောတာပဲ ရယ်လို့ ၊ မမြင်ဘူး။ အနက်လွဲသဘောနဲ့ ပြောတာလို့ မြင်တယ်။ ကျွန်တော် မှတ်မိနေသေးတယ်။ အဲဒီတုန်းက စန် မာတင် ကွက်လပ်ကြီးဆီမှာ ပြင်သစ် စာအုပ်ဆိုင်ရဲ့ ရှေ့နားမှာ တင် လျှောက်နေရင်း သူက ရပ်လိုက်တယ်။ လေကတော့ ခပ်ပြတ်ပြတ် ရယ်။ ကိစ္စပြတ်ရှင်းဦးမှ ဆိုတဲ့ လေမျိုး။ သူ့အနေနဲ့ က ဥပဒေစနစ်ကို စော်ကားချင်တာ။ ဒီလောကထဲ ဝင်တာဟာ တရားဥပဒေစနစ်ကို အတွင်းထဲဆီကနေ တိုက်ဖို့ ပဲ တဲ့ (စကားလုံးတွေကတော့ သူပြောတဲ့ အတိုင်း၊ ကွက်တိ မဟုတ်ဘူး ။ သဘောကတော့ အဲဒီသဘောပဲ။)။ သူက သြဇာအာဏာရှိတဲ့ တစ်နေရာကို ရဖို့ ပဲ။ ဒါမှ အတွင်းထဲကနေ စနစ်တစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်မှာ ။ ဒီအကြောင်းကို ကျွန်တော်တို့ နောက်ထပ် တစ်ကြိမ်မျှ ထပ်အပြောကြတော့ဘူး။ ကျွန်တော့် စိတ်ထဲမှာ တော့၊ အလံဘယ်တိုဟာ လျှို့ဝှက်ထောက်လှမ်းရေးသမား တစ်ယောက်ပဲ။ နောက်လိုက်နောက်ပါ မရှိဘဲ တစ်ကိုယ်တော် ကြံစည်နေတဲ့ ခေါင်းဆောင်တစ်ယောက်ပဲလို့ ၊ အချိန်အတော်ကြာအောင် လက်ခံထားလိုက်

မိတယ်။

ကျွန်တော့်ဦးလေးကြီး ပဘ်လိုအကြောင်းကို အလ်ဘယ်တိုကို ပြောပြလိုက်မိတယ်။ ကြားလိုက်တာနဲ့ အလ်ဘယ်တိုက ချက်ချင်းလိုပဲ ဝေဖန်တယ်။ အစိုးရနဲ့ ဒီလူကြီး လက်သိပ်ထိုး လုပ်ကိုင်နေတာတွေကို၊ လူတိုင်း သိတယ် တဲ့ ။ ကျွန်တော်လည်း ပဘ်လိုဘက်က ဝင်ပြီး ချေပ မပေးမိဘူး။ စကားလမ်းကြောင်းပဲ ပြောင်းလိုက်ရတယ်။ အဲဒီလို ဖြစ်ခဲ့ကြပေတဲ့ လည်း ကျွန်တော်က အလ်ဘယ်တိုကို ဂရယ်စီးလားနဲ့ မိတ်ဆက်ပေးလိုက်တယ်။ တစ်မနက်ခင်း။ လာဟယ်ရာဒူးရား ၄(La Her radyra) က ပင်လယ်စပ်ဆီမှာ ။ အဲဒီတုန်းက မိန်းကလေးတွေ အပြင်ဘက်မှာ သွားတာလာတာ သိပ်မတွေ့ရဘူး။ ကျွန်တော်က ဂရယ်စီးလားကို မကြာခဏ တွေ့ရတတ်တာက သူ့အိမ်ဘက်ကို ရောက်နေတတ်လို့ပဲ။ နောက်တော့ အလ်ဘယ်တိုလည်း ကျွန်တော်နဲ့ လိုက်လာတတ်တယ် ။ သူလည်း အရင်လို သိပ်ပြီး မရှက်တတ်တော့ဘူး။ ရယ်ရယ်မောမောနဲ့ စကားပြောတတ်တယ်။ ဒွန်ပဘ်လိုနဲ့ လည်း သင့်တယ်။ နောက်တော့ သူတို့ နှစ်ယောက် ယူလိုက်ကြတယ်။ ဒီတော့ ဇာတ်လမ်းကို လွယ်လွယ်တွေးကြည့်လိုက်လို့ ရမယ့်ပုံပဲ။ ဒါပေတဲ့ အဲဒီလောက်တော့ မလွယ်လှဘူး။ တကယ်တော့ ဂရယ်စီးလားကို ကြိုက်နေတာက ကျွန်တော်။ ပြီးခဲ့တဲ့ နှစ်တွေ အတော်ကြာကြာကတည်းက။ သူ့ကို တွေ့ရသိရခဲ့ကတည်းက။ တစ်နေ့ နေ့ခင်းမှာ သူ့အဖေ အလာကို စောင့်နေကြရင်း သူ့ပခုံးဘက်ကို ကျွန်တော့်ကိုယ်ကို အသာငိုက်လိုက်မိတယ်။ သူ့လက်ထဲက တစ်ခုခုကို ဖတ်ဖို့ လား။ ဘာမျှ မဟုတ်ဘူး လားတော့ မသိဘူး ။ ရယ်စရာပဲ လုပ်ချင်လို့ လားလဲ မသိဘူး။ သူ့ဘက်ကို ငိုက်လိုက်ရင်း သူ့လည်ကုပ်ပေါ်ကို နမ်းလိုက်မိတယ်။ ကျွန်တော့် အချစ်က လီမာမြို့ရဲ့ အချစ် ပဲ။ သုန်သုန်မှုန်မှုန်နဲ့ လီမာမြို့မှာ ရှာနေတဲ့ မိုးစက်တွေလို အရဲစွ

နှံ့ရွာတာ။ တစ်ချိန်တည်းမှာ ပဲ၊ သူကလည်း ကျွန်တော့်ကို အဲသလိုပဲ ပြန်ချစ်မိမယ် ထင်တယ်။ သူ့အိမ်ထဲမှာ တော့ ကျွန်တော်တို့ နှစ်ယောက်ဟာ ထိန်းထိန်းသိမ်းသိမ်းနဲ့ နေကြရတယ်။ သေချာတဲ့ အချက်တစ်ခု (မှန်လည်း မှန်တဲ အချက်တစ်ခု) ကတော့၊ သူ့မိဘတွေအနေနဲ့ ကျွန်တော့်လို ပိုက်ဆံတစ်ပြားမျှ မရှိတဲ့ လူ ပညာရေးတစ်ပိုင်းတစ်စနဲ့ လူနဲ့ ဘယ်လိုမျှ ကြည်ဖြူနိုင်မှာ မဟုတ်ဘူး ဆိုတာ သိလို့ ပဲ။ သူ့မိဘတွေက ကျွန်တော့်အပေါ်မှာ တော့ စေတနာရှိကြပါတယ်။ စေတနာရှိတာက တစ်ပိုင်း၊ သူတို့ သမီးကို လင်ကောင်းသားကောင်း ရစေချင်တာက တစ်ပိုင်း။ ဒီအချက်ကိုတော့ ကျွန်တော်ကိုယ်တိုင်လည်း သဘောပေါက်မိပါတယ်။ ဒါပေတဲ့ လည်း ကြေးရတက်တစ်ယောက်ရဲ့ သမီးကို ယူတာဟာ သူတို့ ရဲ့ သိက္ခာကို ချတာပဲဆိုတဲ့ အမြင်နဲ့ ပတ်သက်လို့ တော့ သိပ်မရေရာဘူး။ ကျွန်တော်တို့ နှစ်ယောက်သားကတော့ ကျွန်တော့်ရဲ့ ပထမဦးဆုံး အလုပ်ရတဲ့ အချိန်ကို စောင့်နေမိကြတယ်။ တတိယ အတွင်းဝန်တစ်ယောက်ရဲ့ လစာနဲ့ ဆို အိမ်ထောင်ပြုနိုင်မယ်။ ကမ္ဘာပေါ်မှာ ရောက်ဖူးချင်တဲ့ မြို့တွေကိုလည်း စာရင်းလုပ်ထားကြတယ်။ ကျွန်တော်တို့ နှစ်ယောက်သား မကြာခဏ တွေ့ကြတယ်။ ပန်းခြံထဲမှာ ရုပ်ရှင်ရုံထဲမှာ ခဏကာ၊ တီးတိုး နှစ်ကိုယ်ကြားပဲ။ မကြာခဏလည်း စကားများကြရတယ်။ များကြရတာက သဘောထား ကြီးသယောင်နဲ့ နင့် အချိန်တွေကို ငါဖြုန်းမပစ်ချင်ဘူးလို့ ပြောမိလို့ (စကားအဖြစ်နဲ့ ပြောတယ် ဆိုပေတဲ့ လည်း တကယ်တမ်းမှာ တော့၊ ကျွန်တော့်အနေနဲ့ စိတ်မချမ်းမသာ ဖြစ်ရတယ်။) ဒီလို ပြောရတာကလည်း သူ့မှာ သောကတွေ များ လာနေလို့ ။ သူ့အမေများ သိသွားလေမလား။ ဒွန်ပဘ်လိုကများ ကျွန်တော့်ဆီက အကျိုးအကြောင်းတွေ အစ်ထုတ်လေမလား ဆိုတာတွေ။ ဝေဝါးပြီး အဖြေရှာမရတဲ့ သူမျက်နှာ။ စကားပြောတိုင်း စကားကို ဆုံးအောင် မပြောနိုင်

ဘဲ ကြားထဲမှာ အကြိမ်ကြိမ် ရပ်ပြီး ပြောနေရတာတွေကိုတော့ ဘယ်တော့မှ ကျွန်တော် မမေ့ဘူး။ အဲဒီက ရလာတဲ့ အကျိုးဆက်ကတော့၊ သူတို့ အိမ်ကို လပေါင်း အတော်ကြာအောင် မသွားဖြစ်ခဲ့တော့တာပဲ။ ဒါပေတဲ့ လည်း နှစ်ကိုယ်တူနေရဖို့ အရေး တွေးနေခဲ့ကြတယ်။ အခက်အခဲတွေ များ တော့လည်း နှိုးဆော်စိတ်ထက် စိတ်ပျက်စရာတွေချည်း တွေးလာမိကြရတယ်။ ကိုယ်ကာယချင်း နီးနှောဖို့ အထိ မရောက်ခဲ့ကြပေတဲ့ ၊ သာယာစရာကလေးတွေကိုပဲ ပြောဆိုလာမိခဲ့ကြတယ်။ ကျွန်တော်တို့ မှာ ဆင်ခြင်နည်းလမ်းမကျတဲ့ အမြင်အတွေးတွေ၊ အကြောက်တရားတွေဟာ အခု ဉာဏ်အလင်းရောင်သစ် ရလာတဲ့ ကာလကြီးထဲမှာ ရှိနေတဲ့ ဆင်ခြင်နည်းလမ်းမကျတဲ့ အမြင်အတွေးတွေ၊ အကြောက်တရားတွေထက်တောင် ပိုနေသေးတယ်။ အမှန်မှာ ကတော့ ဘယ်လို အဆင်ပြေအောင်လုပ်ရမယ် ဆိုတာကိုက၊ အတော်ခက်နေတယ်။ မဟုတ်တောင် အဲဒီလိုပဲ ကျွန်တော်တို့ တွေးမိတယ်။ နောက်ဆုံး ကျွန်တော် အလုပ်ရ လာပြီး နိုင်ငံရပ်ခြားမှာ သွားရောက် အမှုထမ်းရတော့မယ် ဆိုတဲ့ အခါ၊ ဂရယ်စီးလားက လက်ထပ်မယ်။ သူ့မိဘနဲ့ ခွဲပြီး ကျွန်တော်နဲ့ လိုက်ခဲ့မယ်လို့ ပြောတယ်။ ဒါပေတဲ့ ကျွန်တော်က သူ့ကို စောင့်ပါဦးလို့ နားချတယ်။ ဘာကြောင့် မှန်းတော့ မသေချာဘူး။ သူ့ကို ချစ်သင့်သလောက် မချစ်လို့ လား။ မဟုတ်ရင် သူ့ကို ယုံကြည်စိတ်ချစိတ်နဲ့ ထားရစ်နိုင်ခဲ့လို့ လား။ ဒီလိုမှ မဟုတ်သေးရင်၊ လူငယ်တို့ ရဲ့ သဘောသဘာဝ အတိုင်း ရင်နာတဲ့ ဝေဒနာကို ခံစားကြည့်ချင်လို့ ချစ်ခြင်းကို စမ်းသက်ကြည့်လိုက်မိသလား၊ မပြောတတ်ဘူး။ ဘာကြောင့် ဆိုတာကို ခုနေတော့ မမှတ်မိတော့ဘူး။ ဂရယ်စီးလားက တကယ်လှတဲ့ မိန်းကလေး။ နွေဆိုရင် သူလက်ကလေးတွေဟာ နေလောင်လို့ ညိုနေတတ်တာကို ကျွန်တော် သတိရနေမိတယ်။ သူ့အပြုံး၊ သူ့ရဲ့ နူးညံ့သိမ်မွေ့တဲ့

အကြည့်တွေနဲ့ ကျွန်တော့်ကို ကြည့်လိုက်ရင်း ကျွန်တော့် အသည်းနှလုံး ကို ဖမ်းဆုပ်ကိုင်ထားလိုက်နိုင်တယ်။ ကျွန်တော်တို့ ချင်း၊ အတော်က လေး ကြာအောင် စာအပေးအယူ လုပ်ကြတယ်။ နောက်တော့ ငြိမ်သွားကြတယ်။ ပီရူးနိုင်ငံဆီက လာတဲ့ လူတချို့ပြောပြလို့ ဂရယ်စီး လားနဲ့ အလ်ဘယ်တိုတို့ စေ့စပ်ကြောင်းလမ်းလိုက်ကြတယ် ဆိုတာကို သိရတယ်။ သူတို့ လက်ထပ်ကြမယ် ဆိုတာကိုတော့ အလ်ဘယ်တို ကို ယ်တိုင်က ကျွန်တော့်ဆီ ကောင်းကောင်း မွန်မွန် စာရေးတယ်။ သူစာအ ရတော့ တကယ်လို့ များ လီမာမြို့ဆီကို ကျွန်တော်ရောက်ခဲ့မယ်ဆိုရင် သူမင်္ဂလာပွဲကို တက်စေချင်တယ် တဲ့ ။

ပီရူးကို ကျွန်တော် ပြန်ရောက်တဲ့ အခါတိုင်း အမြဲလိုပဲ သူတို့ အိမ်ကို ဖိတ်တယ်။ ဒါပေတဲ့ သူတို့ နဲ့ ကျွန်တော် မတွေ့ဖြစ်တော့ဘူး။ ဒါကလ ည်း သဘောပေါက်လောက်တဲ့ အကြောင်းပါ။ နောက်ဆုံး သူတို့ ရဲ့ ဒုတိ ယ သားကလေးကို ခေါင်းဆေးမင်္ဂလာ ပြုတဲ့ အခါ ခေါင်းကိုင်ဖခင် လုပ် ပေးဖို့ ပြောလာကြတယ်။ ဒွန်ပဘ်လို တစ်ယောက်ကတော့ စီးပွားရေး ကျလာတယ်။ သူသေတော့ သူ့အိမ်နဲ့ သူ့ပင်စင်လစာကို သူ့မိန်းမကို ပေး ခဲ့တယ်။ တခြား အိမ်ရာမြေယာတွေနဲ့ လုပ်ငန်းတွေ (ကားတွေ) က တော့ သူမှာ တင်နေတဲ့ အကြွေးဆပ်တဲ့ အထဲ ပါသွားတယ်။ တခြားတ စ်ဖက်ကတော့ အလ်ဘယ်တို တစ်ယောက် စီးပွားဖြစ်လာတာပဲ။ ငါးဆ ယ်ပြည့်နှစ် ကာလထဲမှာ မြေဝယ်၊ အိမ်ဆောက်၊ အိမ်ရောင်း ကိစ္စတွေနဲ့ ပြီးပွားလာတာ။ အဲဒီတုန်းကဆို သူက ကျွန်တော့်ကို ပြောလေ့ရှိတယ်။ ပီရူးနိုင်ငံမှာ လိုအပ်နေတာက တိုင်းပြည်ချမ်းသာလာအောင် အလုပ်ကို အပြင်းအထန် ကြိုးစားကြဖို့ လိုတယ်တဲ့ ။ လက်ဝဲဆန်တဲ့ အတွေးအခေါ်တွေကို ကျွန်တော် စိတ်မဝင်စားတော့ဘူး။ ဒါပေတဲ့ ကျွန် တော့်မှာ ဝန်ခံစရာရှိတယ်။ သူ့အိမ်မှာ ဖြစ်ဖြစ် သူငယ်ချင်းတစ်ယောက်

အိမ်မှာ ဖြစ်ဖြစ် ဂရယ်စီးလားနဲ့ ဆုံရတိုင်း ကျွန်တော့်စိတ်ထဲမှာ ဂနာမငြိမ် ဖြစ်လာတတ်လို့ အဲဒီလိုမျိုး ဖြစ်မလာအောင် သိသိကြီးနဲ့ ထိန်းနေခဲ့ရတတ်တယ်။ ဒါကြောင့် ပဲ ပီရူးကို ခွင့်နဲ့ ပြန်လာတဲ့ အခါတိုင်း ခွင့်မစေ့ခင် ပြန်ထွက်ခဲ့မိတယ်။ နောက်ထပ် တာဝန်ထမ်းဆောင်ရမယ့် နေရာဟာ ကမ္ဘာကြီးရဲ့ အဆုံးတစ်နေရာမှာ ပဲ ရှိစေဦးတော့။ ဘယ်သူမျှ မသွားချင်တဲ့ နေရာပဲ ဖြစ်နေပါစေ။ ကျွန်တော် သွားခဲ့တယ်။ ကျွန်တော်ဟာ သူရဲဘော နည်းတဲ့ လူ ဖြစ်ကောင်း ဖြစ်မယ်။ မဟုတ်ရင် သက်သက်သာသာ ဘဝမျိုးကို လိုချင်တဲ့ သူ ဖြစ်ကောင်း ဖြစ်မယ်။ မိန်းမတစ်ယောက်ကို အကြင် လင်မယားအဖြစ် ပေါင်းသင်းနေရတာမျိုးနဲ့ တော့ မပတ်သက်ချင်ဘူး။ ခက်သွားတာ တစ်ခုက ကျွန်တော့် သဘောထားက ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာကြီးရဲ့ အဆုံးတစ်နေရာမှာ ကျွန်တော် သွားပြီး ငြိမိတော့တာပဲ။ နှစ်အားဖြင့်တော့ သိပ်မကြာလိုက်ဘူး။ ကျွန်တော့်ကို ပစ်ပြေးသွားတယ် ဒဏ်ရာဒဏ်ချက်တွေနဲ့ ကျွန်တော်လည်း သေကောင်ပေါင်းလဲဖြစ် ကျန်ရစ်ခဲ့တော့တယ်။ အဲဒီလို ပြဿနာမျိုးစုံ ဖြစ်ခဲ့ရပြီးတဲ့ နောက် ဂရယ်စီးလားနဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ ခံစားချက်တွေ ပြောင်းလာတယ်။ သူ့ အကြောင်းကို စိတ်အေးအေးနဲ့ တွေးကြည့်နိုင်လာတယ်။ အတိတ်က တစ်စုံတစ်ရာ ဆိုတာလောက်ပဲ။

ဒီလိုနဲ့ တစ်နေ့တော့ ကျွန်တော် သတိရလိုက်မိတယ်။ အနားယူရဖို့က သိပ်မဝေးတော့ဘူး။ အရေးပါတဲ့ ပါဝင်ပတ်သက်မှုတွေကို ရပ်တန့်လိုက်ပြီး လီမာကို ပြန်ပြီး အခေါ်ခံရတော့တယ်။ အဲဒီကျရင်ဖြင့် ဂရယ်စီးလားရယ် ၊ အလ်ဘယ်တိုရယ် ၊ ကျွန်တော်ရယ် ထိုင်ပြီး သူ့အကြောင်းကိုယ့်အကြောင်းတွေ ပြောကြရဦးမယ်။ ဘာ စိတ်လှုပ်ရှားစရာမျှ မပါတော့ဘူး။ စံတင်လောက်တဲ့ ဝတ္ထုတွေရဲ့ နောက်ဆုံးအခန်းတွေမှာ တွေ့ကြရသလိုပဲ နေမယ်။ ဒါပေတဲ့ ဝတ္ထုအရေးအသားက ပြောင်းသွားခဲ့တ

ယ် ဆိုရင်တော့ လည်း တကယ့်ဖြစ်ရပ်တွေနဲ့ မနီးစပ်တော့လို့ ပဲ ဖြစ်မ
ယ်။ အလ်ဘယ်တိုကတော့ လူလတ်ပိုင်း ဖြစ်နေပေတဲ့ အတွေးအခေါ်နဲ့
လုပ်ပုံကိုင်ပုံက တလွဲစီ။ တင်းနစ်ရိုက်တံကို ချိုင်းကြားညှပ်ပြီး သူ့သမီး
အရွယ်လောက် ကောင်မကလေးနဲ့ တတွဲတွဲနေမယ်။ ကျွန်တော်က
တော့ ဂရယ်စီးလားကိုပဲ ပိုပြီး စိတ်ဝင်စားနေမိတယ်။ သူတို့ နှစ်ယော
က် ပြတ်စဲလိုက်ကြတယ် ဆိုတာကို ကြားရကတည်းက ဂရယ်စီးလား
တစ်ယောက်တော့ဖြင့် ဘယ်လိုနေပါ့မလဲလို့ တွေးနေမိတတ်တယ်။ က
လေးတွေလည်း ကြီးပြင်းလာကြလို့ သိပ်မကြာခင် ကိုယ့်လမ်း ကိုယ်
လျှောက်ကြတော့မှာ ။ အိမ်က ထွက်သွားကြတော့မှာ ။ သူတို့ ပြတ်စဲရာ
က တရားဝင် ကွာရှင်းတယ်ဆိုတာ မှန်ခဲ့ရင် သူ့မှာ ပိုက်ဆံ သိပ်ရှိလှမှာ
မဟုတ်ဘူး ။ သူ့အတွက် ဒွန်ပဘ်လိုကလည်း ဘာမျှ ပေးခဲ့တာ မဟုတ်
ဘူး ။ သူ့အနေနဲ့ အလုပ်ရှာလို့ ရမှာ လည်း မဟုတ်ဘူး ။ မကြာခင် ရက်
ပိုင်းလောက် အတွင်းက နေ့လယ်စာစားရင်း သူတို့ အကြောင်းတွေကို
ပြောပြတာ ကြားရတယ်။ စားသောက်ပြီးတာနဲ့ ကျွန်တော်လည်း အများ
သုံး တယ်လီဖုန်းကနေ ဂရယ်စီးလားဆီ ဖုန်းဆက်လိုက်မိတယ်။ တယ်
လီဖုန်း နံပါတ်ကို လှည့်နေရင်း ငါတော့ဖြင့် အမှားတစ်ခု လုပ်မိခဲ့ပါက
လား၊ရယ်လို့ တွေးလိုက်မိသေးတယ်။ အဲဒါက လီမာကို ပြန်ရောက်တာ
နဲ့ သူ့ဆီကို ဖုန်းဆက်ဖို့ ကောင်းတယ် ဆိုတာပဲ။ အမှန်ပြောရရင်တော့
ဂရယ်စီးလားက ငါ့ကို ဘယ်လိုများ တုံ့ပြန်မလဲ ဆိုတာကို ပူလိုက်မိတ
ယ်။ တယ်လီဖုန်း ပြောရင်း အချေအတင် ပြောနေရမှာ မျိုးကို ကျွန်
တော် မဖြစ်ချင်ဘူး။ တကယ်တော့ ကျွန်တော့်မှာ ဖြစ်နေခဲ့တဲ့ ပူပန်စိတ်
တွေဟာ၊ မခိုင်မာခဲ့ဘူး။ တကယ် ဖြစ်မလာဘူး။ ဂရယ်စီးလားက အရင်
အတိုင်းပဲ တုံ့ပြန်တယ်။ သူ့အသံထဲမှာ ကြည်နူးမှုကို ကြားနေရတယ်။ (
မတွေ့ရတာ ကြာလှပြီဖြစ်တဲ့ သူငယ်ချင်းတစ်ယောက်ကို ဖော်ထုတ်ပြ

တဲ့ ကြည်နူးမှုမျိုး) နောက်တစ်နေ့၊ နေ့ခင်း လေးနာရီလောက်မှာ သူ့အိမ်ကို လာခဲ့ပါလားလို့ လည်း ဖိတ်တယ်။ အဲဒီအချိန်ဆိုရင် ကလေးတွေလည်း အပြင် ထွက်တတ်တော့ စကားပြောရာမှာ အနှောင့်အယှက် မရှိနိုင်ဘူး တဲ့ ။

မနေ့ကတော့ ဂရယ်စီးလားကို သွားမတွေ့ခင်အထိ ကိုယ့်ကိုယ်ကို ယ် မအားလပ်အောင် ရှာကြံ လုပ်နေခဲ့မိတယ်။ နှစ်နာရီထိုးတော့ ဘာမျှ လုပ်စရာကို မရှိတော့ဘူး။ ဒါနဲ့ ပဲ မီရာဖလောရေး(စ) ဘက်ကို လျှောက်ကြည့်နေခဲ့မိတယ်။ မှတ်တောင် မမှတ်မိနိုင်သလောက်ပဲ။ သစ်ပင်တွေ မှန်သမျှ ခုတ်ပစ်လိုက်ကြတယ်။ (အများကြီး ပဲ သစ်ပင်တန်းနဲ့ လမ်းက လေးတွေမှာ သစ်ပင်တွေ မရှိတော့ဘူး) ကားတွေလည်း အများကြီး တိုက်ခန်းသစ်တွေလည်း နေရာတကာမှာ အရင်တုန်းက ရှိခဲ့တဲ့ ကျွန်တော် သဘောကျခဲ့တဲ့ အိမ်အိုဟောင်းဟောင်းကြီးတွေ ပန်းခြံတွေ မရှိကြတော့ဘူး။ တိုက်ခန်းတွေ ဖြစ်ကုန်ပြီ။ ကျွန်တော်တော့ မကြိုက်ဘူး။ ဒါကြောင့် ပဲ ထင်တယ်။ ကျွန်တော်ဟာ လူမှုရေး နိုင်ငံရေး ပြောင်းလဲမှုတွေကို မကြိုက်တဲ့ လူပဲလို့ ဟိုတစ်နေ့ဆီက ကျွန်တော့်တူက ပြောတယ်။ ဂရယ်စီးလား အိမ်ဆီရောက်တော့ ကျွန်တော့် စိတ်ထဲမှာ သိပ်မရှင်လှဘူး။ ကျွန်တော့် စိတ်ထဲက တွေးကြည့်ရသမျှကတော့ သူ့ရုပ်အသွင်ဟာ ထွေပြားနေတယ်။ နောက်ဆုံး တွေ့ခဲ့ရတာက ဒွန်ပဘ်လိုရဲ့ အသုဘ မှာ ။ မျက်ရည်ပြည့်နဲ့ ။ အဝတ်အနက် ဝတ်လို့ ပင်ပန်း နွမ်းနယ်နေပုံပဲ။ တွေ့လိုက်ရတော့ ကျွန်တော်အတွေးဟာ မှားသွားပြန်တယ်။ ဂရယ်စီးလားက အရောင်လွင်လွင် ဝတ်ထားတယ်။ ကျွန်တော့်မျက်စိအတွက်တော့ ကျေနပ်သာယာမှုတစ်ခုပဲ။ ပန်းခြံထဲဆီက စောင့်နေတယ်။ ထုံးစံအတိုင်း သူ့ပါးနှစ်ဖက်ကို နမ်းပြီး နှုတ်ဆက်လိုက်တယ်။ ရေမွှေးအနံ့ကတော့ သူ ဆွတ်နေကျအတိုင်း။

အိမ်ထဲကို ဝင်တော့ ဧည့်ခန်းက ဖြတ်ပြီး ဒွန်ပဘ်လိုရဲ့ စာကြည့်ခန်းကို သွားကြတယ်။ အရင်က အတိုင်းပဲ ။ အပြောင်းအလဲ မရှိဘူး။ လက်တန်းပါတဲ့ သားရေထိုင်ခုံမှာ ကျွန်တော် ဝင်ထိုင်လိုက်တော့ ဂရယ်စီးလားက ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်တယ်။ 'နင့်ကြည့်ရတာ မာမာချာချာပဲ' လို့ ကျွန်တော်က ပြောလိုက်မိတယ်။ နင်လည်း ဒီလိုပါပဲလို့ သူက ပြန်ပြောတယ်။ ဒါပေတဲ့ ကျွန်တော်က မျက်မှန်ချွတ်ပြီး ပင်ပန်းတဲ့ သဘောနဲ့ မျက်ခုံးမွေးကို အသာသပ်လိုက်မိတယ်။ ဒီတော့ သူက ဆက်ပြောတယ်။ 'ဒီလိုတော့လည်း ရှိမှာ ပေါ့ဟယ်။ ဒီ အရွယ်ရောက်မှ ' တဲ့ ။ သူ့အပြောကို ကျွန်တော်က မကျေနပ်သလို လုပ်ပြလိုက်မိတယ်။ အရွယ်ရောက်လာခဲ့တဲ့ ကျွန်တော့်ဘဝမှာ သူနဲ့ ကျွန်တော်ရဲ့ အကြားမှာ ရယ်စရာ မောစရာတွေ ချည်းပဲ။

ကျွန်တော် ရောက်ခဲ့တဲ့ အရပ်တွေ။ လီမာကို ပြန်လာတိုင်း ကျွန်တော် သတိထားမိတဲ့ အပြောင်းအလဲတွေ၊ အကြောင်းကို သူက မေးတယ်။ နောက်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံး သိတဲ့ သူငယ်ချင်းမိတ်ဆွေတွေ အကြောင်း။ သူတို့ လက်ထပ်ကြတာ ။ ကွဲသွားကြတာ။ ကံဆိုးမိုးမှောင်ကျတာ။ အောင်မြင်ကြတာ။ ဘဝ၊အခြေတကျ ဖြစ်သွားကြတယ်။ ငယ်ငယ်နဲ့ သေသွားကြတာတွေကို ပြောဖြစ်သွားကြတယ်။ ကျွန်တော့်အဖို့ ကတော့ သူပြောတာကို စိတ်ဝင်တစားနဲ့ နားထောင်နေမိပေတဲ့ ၊ ဂရယ်စီးလားက အမြဲတမ်းလိုပဲ သူ့အမြင်နဲ့ သူ မြင်တာတွေ ရှိတယ်။ အမှန်ပြောနေတယ် ဆိုတာတွေရဲ့ အောက်က တကယ် ဖြစ်နေတာတွေကို ရအောင် ဖော်ထုတ်နိုင်တယ်။ မဟုတ်လည်း လူတစ်ယောက်မှာ ဖုံးကွယ်နေတဲ့ စိတ်ရင်းကောင်းမျိုးကိုလည်း မြင်တတ်တယ်။ ဒီတော့လည်း တခြားအကြောင်းတော့ ပြောဦးမှ ပဲလို့ ကျွန်တော့် စိတ်ထဲမှာ ဖြစ်လာမိတယ်။ သူကလေးတွေက သူတို့ ပြတ်စဲတဲ့ ကိစ္စကို ဘယ်လိုသ

ဘောထားသလဲလို့ မေးလိုက်တယ်။ သားအကြီး နှစ်ယာက်က တက္ကသို
လ်မှာ ။ သမီးက သူ့ရည်းစားနဲ့ လက်ထပ်ကြတော့မယ်လို့ စဉ်းစားနေတ
ယ်။ ကျွန်တော်က ခေါင်ကိုင်ဖခင် လုပ်ခဲ့ရတဲ့ ကောင်ကလေးကတော့
အမေရိကက တက္ကသိုလ်မှာ သွားရောက် ပညာဆည်းပူးဖို့
ထောက်ပံ့ကြေးရအောင် ကြိုးစားနေတယ်။ အငယ်ဆုံးသားပဲ၊ စိတ်ထိခို
က်ပုံရတယ်။ သူကတော့ ဘာမျှ သိပ်မပြောလှဘူး။ သူ့စရိုက်ကိုက အမြဲ
လို ခပ်အေးအေး နေတတ်တယ်။ သူက အမေ့သား ဂရယ်စီးလားရဲ့ အချ
စ်ဆုံး။ အစကတည်းက အလ်ဘယ်တိုနဲ့ သိပ်အဆင်မပြေလှဘူး။ ဒါက
လည်း ဘယ်သူ့ အပြစ်မှ တော့ မဟုတ်ဘူး ။

'အထူးသဖြင့် ၊ ခုလိုအခါမျိုးမှာ ၊ သူ့အနေနဲ့ ပိုပြီး ခံစားရမှာ ပေါ့'

'အကျယ်မချဲ့စမ်းပါနဲ့ ၊ ဟယ်'လို့ ဂရယ်စီးလားက ပြောတယ်။

'ဒီလိုဖြစ်တာ ခုခါမှ မဟုတ်ဘူး ။ သူ့အနေနဲ့ သိပ်မတုန်လှုပ်တော့
ဘူး။ ဒါတွေကို ငါမပြောချင်ဘူး။ ခုနေတော့ ဒီလိုဖြစ်နေတာ အကောင်း
ဆုံးပဲ'

ဂရယ်စီးလား ပြောလိုက်ပုံထဲမှာ နာကြည်းမှု၊ မုန်းတီးမှုတွေ မပါဘူး
။ ဖြစ်နေတဲ့ အကြောင်းတွေကို ပြောပြတယ် ဆိုရုံပဲ။

'ငါကြားတယ် ။ အလ်ဘယ်တို တစ်ယောက်တော့ နုပျိုလန်းဆန်းနေ
တယ်တဲ့ '

'ဟုတ်တယ်။ ကြည့်လို့ ကောင်းမှာ က သေချာပါတယ်။ ငါနဲ့ မတွေ့
တာတော့ ကြာပြီ'

'အားကစားလုပ်လို့ လို့ ပြောကြတာပဲ။ တင်းနစ် ရိုက်သတဲ့ '

'တင်းနစ်။ ဟုတ်လား'

ဂရယ်စီးလားက တစ်ခုခု ထပ်ပြောတော့မလိုပဲ။ ဒါပေတဲ့ မပြောဘဲ ရပ်လိုက်တယ်။ သူမျက်လုံးတွေကို ကျွန်တော် ကြည့်လိုက်မိတယ်။ ရယ်လိုက်ရင်း အရောင်လက်သွားတယ်။ ကျွန်တော်တို့ နှစ်ယောက်သား ထပ်ပြီး ရယ်လိုက်မိကြတယ်။

'ဒါတွေ အားလုံးဟာ တင်ကူးကြိစည်ထားတွေပဲ' လို့ သူက ပြောတယ်။

အမြဲတမ်းလိုပဲ ကျွန်တော်တို့ နှစ်ယောက် အကြားမှာ နားလည်မှုတွေ ရှိခဲ့တယ်။ သဘောပေါက်တယ်။ ခုလည်း သူက ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော်တို့ နှစ်ယောက်အတွက်တော့ ပြန်လည်နုပျိုစရာ အကြောင်းရှိမှာ မဟုတ်ဘူး ။

ဂရယ်စီးလားက တရားဝင် ကွာရှင်းခွင့်မပေးသေးဘူးလို့ ကျွန်တော် ကြားထားခဲ့တဲ့ အတိုင်းကတော့ ဟုတ်တယ်။ အလ်ဘယ်တိုကတော့ ရှေ့နေရှေ့ရပ်တွေနဲ့ ညှိနေလို့ သဘောတူကြမယ့် အနေအထားကိုတော့ ရောက်နေပြီ။ ဂရယ်စီးလား အနေနဲ့ ကတော့ ဘာလုပ်ရမယ်ဆိုတာ ၊ မသိသေးဘူး။ လောလောဆယ်တော့၊ သူ့အမေအိမ်မှာ သူကလေးတွေနဲ့ ဆက်ပြီး နေရုံပဲ။ သူတို့လိုအပ်တာ ဒီမှာ အကုန်ပြည့်စုံတယ်။ အလုပ်ရှာရရင်တော့ ဂရယ်စီးလားက အလုပ်လုပ်ချင်တယ်။ သူ့မှာ မိတ်ဆွေကောင်းတွေ ရှိနေသေးတုန်းပဲ။ သူနဲ့ လည်း တွေ့ကြဆုံကြတုန်းပဲ။ အရင်က ထက်စာရင် အခု အခြေအနေက သူ့အတွက် ပိုကောင်းတယ်လို့ ခံစားလာရမိတယ်၊ တဲ့ ။ သူ့ဘဝကို အလ်ဘယ်တိုနဲ့ အဆုံးမသတ်လိုက်ချင်တာကတော့ ၊ အမှန်ပဲ။

ကျွန်တော်တို့ ပြောဆိုနေကြတာ၊ အဲဒီလောက်အထိ ရောက်တော့ သူ့အမေ ပေါ်လာတယ်။ အဘွားကြီးက တစ်နေ့ခင်းလုံး အိပ်နေတာ။ ကျွ

နှ်တော်နဲ့ လက်ဖက်ရည်သောက်ရင်း စကားစမြည် ပြောရအောင် ထွက်လည်တာ။ သူတို့ ရဲ့ ထမင်းစားခန်းထဲမှာ တော့ လက်ဖက်ရည်အိုးနဲ့ လက်ဖက်ရည်ပန်းကန်တစ်စုံရှိတယ်။ ကြွေရောင် ပေါ်မှာ အပြာရောင်နဲ့ အရုပ်ရေးထားတယ်။ တရုတ်ကလေး တစ်ယောက် တံတားကလေးပေါ် ဖြစ်ကူးတော့မယ် ပုံ။ နှစ်ကာလတွေ ညောင်းသွားခဲ့ပေတဲ့ လည်း တရုတ်ကလေးကတော့ ဖြစ်မကူးသေးဘူး။ ဂရယ်စီးလားရဲ့ အမေကတော့ အမြဲတမ်းလိုပဲ၊ သံသယ အထိုက်လျောက်ရှိတယ်။ အထူးသဖြင့် သူ့သမီးနဲ့ ကျွန်တော် ကြိုက်နေကြတယ်ဆိုတာကို သိသွားကတည်းက ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်ကို ချဲရဦးမယ်လို့ မှတ်ထားပုံရတယ်။

'သူတို့ တရားဝင် ကွာရှင်းပြတ်စဲတာကို မင်းဘယ်လို သဘောရသလဲ' လို့ အဘွားကြီးက မေးတယ်။ 'ဒါမျိုးတွေ မကြားဖူးပါဘူး'

ကျွန်တော်က မုန့်စားနေရင်း တန်းလန်း။ ဂရယ်စီးလားက ကျွန်တော့်ကို လှမ်းကြည့်ရင်း ရယ်ချင်နေပုံပဲ။

'မင်းကို အပြစ်တင်ရမှာ ပဲ။ မင်းသိရဲ့ မဟုတ်လား။ မင်းသူငယ်ချင်း အလံဘယ်တိုကို ဒီအိမ်၊ မင်းခေါ်လာတာ'

'ဘဝဆိုတာ ဒါပဲ ပေါ့' လို့ ကျွန်တော်က ပြန်ပြောလိုက်မိတယ်။

အဲဒီတုန်းမှာ ဂရယ်စီးလားက သီးမလို ဖြစ်သွားတယ်။ ပျော်ရွှင်စရာကောင်းခဲ့တဲ့ နေ့ရက်တွေတုန်းဆီက ' ဘဝဆိုတာ ဒါပဲ ပေါ့' ဆိုတဲ့ စကားကို ကျွန်တော်တို့ ရဲ့ လျှို့ဝှက်စကားတစ်ခုအဖြစ်၊ သုံးခဲ့ကြဖူးတယ်။ အဲဒီ စကားဟာ တကယ့်ကို အသုံးမကျလှတဲ့ စကားတစ်ခွန်းလို့ မြင်ကြတယ်။ နေရာမရွေး သုံးလေ့ရှိခဲ့ကြတယ်။ အဘွားကြီးက လန့်သွားပုံရတယ်။ သူ့သမီးကို လှမ်းကြည့်လိုက်တယ်။ ငါ့ သမီးကတော့ဖြင့် ဘယ်တော့မှ အသိတရားရှိလာမှာ မဟုတ်ဘူး လို့ ပြောတယ်။ သူ့ စကားကို

ကျွန်တော်က ထောက်ခံစေချင်ပုံရတယ်။ ဒါပေတဲ့ ကျွန်တော်ကတော့ ဂ ရယ်စီးလား ဘက်က။

ကျွန်တော် ပြန်တော့မယ်အလုပ်မှာ ဒွန်ပဘ်လိုကို ဂုဏ်ပြုတဲ့ အနေနဲ့ သူ့စာကြည့်ခန်းထဲက စာအုပ်တစ်အုပ် ယူသွားမယ်လို့ ပြောလိုက်တယ်။ ကြုံရာ စာအုပ်တစ်အုပ် ဆွဲယူခဲ့တယ်။ ဂရယ်စီးလားက အပြင်ဘက်အ ထိ လိုက်လာတယ်။ ခြံရှေ့ဘက်က ပန်းခြံထဲဆီမှာ ရပ်လိုက်မိကြတယ်။ လီမာမှာ ဘယ်လောက်ကြာကြာ နေမှာ လဲလို့ သူကမေးတယ်။ နောက် ထပ်လေးငါးရက်ပဲ။ သံအမတ်က ငါ မရှိရင် ဘာမျှမလုပ်တတ်ဘူးလို့ ပြ န်ဖြေလိုက်တယ်။ အဲဒီနေရာကလေးမှာ ကျွန်တော်တို့ နှစ်ယောက်သား ဘာမျှမပြောဖြစ်ဘဲ ရပ်နေမိကြတယ်။ ဂရယ်စီးလားက တကယ့်ကို ချောတုန်း၊ လှတုန်းပဲ။ ကျွန်တော်က တစ်ခုခုပြောလိုက်တော့မလိုပဲ။ ဒါ ပေတဲ့ လည်း တစ်မျိုး ပြောင်းသွားတယ်။ ကျွန်တော်ဟာ ကျွန်တော်ရဲ့ အတွင်းစိတ်ဆီက ပထပဦးဆုံး စေ့ဆော်မှုကို မယုံကြည်တတ်တဲ့ လူမျိုး ။ ခုမှ တော့ ပြန်ပြီး ပြင်ရဖို့ က နောင်းသွားပြီ။ သူက နောက်တစ်ကြိမ် လာခဲ့ဦးလေလို့ မခေါ်ဘူး။ ကျွန်တော်လည်း လီမာက မပြန်ခင် သွား တွေ့မယ် မထင်ဘူး။ ဒွန်ပဘ်လိုရဲ့ စာကြည့်ခန်းထဲက ယူလာခဲ့တဲ့ စာအု ပ်ကို စပြီး ဖတ်ဖြစ်တယ်။ ရေးထားတာက ပြင်သစ် လူမျိုး။ ပြီးခဲ့တဲ့ ရာ စုနှစ် နှစ်ခု **၅(မူရင်းတွင် သော် 'ပြီးခဲ့သော် ရာစုနှစ်က' ဟု ဆိုသည် ။ မူရင်းဝတ္ထုမှာ ပြီးခဲ့သော ရာစုမှ ဖြစ်၍ 'ရာစုနှစ် နှစ်ခု' ဟု ပြောင်းလိုက်သည် ။)** လောက်က ပီရူးနိုင်ငံကို ရောက် လာပြီး အနှံ့အပြား ခရီးသွားခဲ့တဲ့ လူ။ သူ့အထင်အရတော့ လီမာမှာ နေတဲ့ လူတွေဟာ အ တော့်ကို သဘောကျစရာ မကောင်းတဲ့ လူတွေ။ ရာသီဥတုကလည်း မ ကောင်းဘူး တဲ့ ။

***